ငွေးပင်တောကျေးရွာ

မြင်းမူမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(၂၀၁၉-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ငွေးပင်တောကျေးရွာ၊မြင်းမူမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်

မာတိကာ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့်ပထဝီအနေအထား

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

၅။ အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

၆။ ပညာရေး

၇။ ကျန်းမာရေး

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

၉။ ကျား-မရေးရာ

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်မှုဆိုင်ရာအခြေပြဇယား

၁။ တည်နေရာနှင့်ပထဝီအနေအထား

အိမ်ထောင်စုပေါင်း(၃၄၁)စု နှင့် ကျား(၆၈၀)၊ မ(၇၆၂)ဦးဖြင့် လူဦးရေပေါင်း (၁၄၄၂)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၄)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှနှုန်း(၅)ဦးထက် လျော့နည်းသည်။ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာ ရှိလူဦးရေအားလုံး၏တို့၏ (၇၃.၄ %)ရှိပါသည်။

ငွေးပင်တောကျေးရွာသည် မြင်းမူမြို့၏ အနောက်ဘက် မြင်းမူမြို့နယ်အဆုံး၊ ချောင်းဦးမြို့နယ်၏အစတွင် တည်ရှိပါသည်။ မြေပြန့်လွင်ပြင်ဖြစ်ပါသည်။ မြောက်ဘက်တွင် စည်ပင်၊ ကံသာကျေးရွာများရှိပါသည်။ တောင်ဘက်တွင် လက်ထုတ္တောကျေးရွာရှိပါသည်။ မုံရွာ-မန္တလေးကားလမ်းမ ကြီးသည် ငွေးပင်တောကျေးရွာ၏ အလယ်တွင်တည်ရှိပါသည်။ မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့် ပဲလှော်လုပ်ငန်းများဖြစ်ပါသည်။

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေများရှိပြီး မြေဆီလွှာအရည်အသွေးအသင့်အတင့်ကောင်းမွန်ကြပါသည်။ ကျွန်ုပ်တို့ကျေးရွာတွင် မိုးကိုမျှော်ပြီဂ စိုက်ပျိုးကြရပါသည်။ မြို့နယ်သည် အပူပိုင်းဒေသတွင် ပါဝင်ပြီး မိုးရေချိန် (၄၀)လက်မအောက်သာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်း (၃)ဖွဲ့ရှိပါသည်။ ပရဟိတအသင်း (၂)သင်းနှင့် ငွေစုငွေချေးအဖွဲ့ရှိပါသည်။ အမျိုးသား၊ အမျိုးသမီးများ ပူးပေါင်းပါဝင်ကြပါသည်။ ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်နေကြပါသည်။

ပရဟိတအဖွဲ့များကိုလည်း ကျေးရွာမှလူကြီးအချို့ဦးဆောင်ပြီး လူငယ်လူရွယ်များ ပါဝင်ဖွဲ့စည်းထားကာ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများကို ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင် စီးပွားရေးအခြေခံအသင်းအဖွဲ့များအဖြစ် ငွေချေငွေချေးလုပ်ငန်းရှိကြပြီး ကျေးရွာသားအများစုမှာ ကျေးရွာအတွင်း အသင်းအဖွဲ့များပါဝင်ဆောင်ရွက်လျက်ရှိကြပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးနှင့် ပဲလှော်လုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စုအားလုံး၏ (၆၉.၇)ရာခိုင်နှုန်းသည် ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဖြစ်သတ်မှတ်ကြပြီး (၈.၅၁)ရာခိုင်နှုန်းသည် ချမ်းသာသည့်အဆင့် (၂၁.၇)ရာခိုင်နှုန်း သည် အလယ်အလတ်အဆင့်ရှိသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် ယာမြေ (၂၄၂၆)ဧက၊ ဥယျာဉ်ခြံမြေ (၂၅)ဧကရှိပြီး မြေဆီမြေဩဇာများ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင် အဓိကအားဖြင့် မြေပဲ၊ပဲမျိုးစုံတို့ကို စိုက်ပျိုးကြပါသည်။ ပျမ်းမျှအားဖြင့် အထွက်နှုန်း အသင့်အတင့်မျှသာ ရှိပါသည်။ အချို့သောအိမ်ထောင်စုများမှာ ကွမ်း၊လျှော်ဖြူ နှင့် သရက်စိုက်ခင်းများ ရှိကြပါသည်။ မြေပဲတစ်ဧကလျှင် (၂၀)တင်း ပျမ်းမျှထွက်ရှိပါသည်။ လယ်ယာသုံးကိရိယာ အသုံးပြုမှု အနေဖြင့် ထွန်စက်(၇)စီး၊ လက်တွန်းထွန်စက်(၁)စီး ရှိပါသည်။ ကျေးရွာတွင် လယ်ထွန်စက်အပိုင်မရှိ သည့် တောင်သူများသည် ငှားရမ်းထွန်ယက်ကြရာတွင် (၁)ဧကလျှင် ကာလပေါက်ဈေး(၁၈၀၀၀) ဝန်းကျင် ပေးငှားရကာ ငှားရမ်းခ ဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရပါသည်။

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို (၁)လအတိုးနှုန်း(၇၀)ပြားတိုး တစ်ဧကလျှင်(၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး (၁၀)ဧကအတွက် ချေး ယူနိုင်သည်။ မွေးမြူရေးအနေဖြင့် တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ နွားသိုး၊ဆိတ်များကို အပိုဝင်ငွေ ရရှိရန်မွေးမြူကြပါသည်။ ဝက်၊ကြက်များကိုလည်း အသင့်အတင့်မွေးမြူကြပါသည်။ အိမ်ထောင်စု အချို့ မှာလည်း ကျပန်းလက်လုပ်လက်စား၊လက်သမား၊ပန်းရံ၊အိမ်ဆိုင်စသော အသေးစားအိမ်တွင်း လုပ်ငန်းများကိုလည်း ပါဝင်ဆောင်ရွက်ကြသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်ပြီး အသင့်အတင့်သာကောင်းမွန်ပါသည်။ ကျေးရွာ၏ ကုန်သွယ်မှုနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် ( )စီးနှင့် နွားလှည်း () စီး တို့ကိုအသုံးပြုကြပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးရရှိပြီးဖြစ်ပါသောကြောင့် အိမ်တိုင်းနီးပါး

လျှပ်စစ်မီးအသုံးပြုလျှက်ရှိပါသည်။ အိမ်တိုင်းနီးပါးလက်ကိုင်ဖုန်းအသုံးပြုနေကြပါသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်ပါသည်။ ကျေးရွာတွင် စာကြည့်တိုက်အဆောက်အဦးမရှိသေးပါ။ ကျေးရွာသူ/သားအများစုသည် စာပေဗဟုသုတ လွန်စွာအားနည်းကြပါသည်။

၆။ ပညာရေး

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်မြင့်မားကြောင်းတွေ့ရှိရသည်။ ရွာသားအများစုသည် အခြေခံ အရေး၊အဖတ်တို့ကို တတ်မြောက်ကြပြီး စာမတတ်သူ ရာခိုင်နှုန်းသည် (၁၀) ရာခိုင်နှုန်းသာ ရှိပါသည်။ လူဦးရေ၏ ထက်ဝက်ကျော်သည် အခြေခံမူလတန်း ပညာပြီးမြောက်သူများဖြစ်ကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းအဆင့်ရှိပါသည်။ ဆရာ/ဆရာမ အစိုးရခန့်(၁၁)ဦးရှိပါသည်။ ကျောင်းသားဦးရေနှင့်တွက်ဆလျှင် လုံလောက်မှုမရှိပါ။ ကျေးရွာတွင် မူလတန်းပညာကို အလျား (၁၁၀)ပေ၊ အနံ(၃၀)ပေအရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာ၊အင်္ဂတေအခင်းနှင့် အလယ်တန်းပညာကို အလျား (၁၂၀)ပေ၊အနံ(၃၀)ပေ၊အရွယ်ရှိ (၂)ထပ် R.Cကျောင်းဆောင်တွင် သင်ကြားနိုင်သည်။ ကျောင်း၌ပဓိရုပ်သည် အသင့်အတင့် ကောင်းမွန်ပါသည်။ အထက်တန်းပညာအတွက် အလွှာကပ္ပကျေးရွာသို့လည်းကောင်း၊ မြင်းမူမြို့သို့လည်းကောင်း တက်ရောက်ကြရပါသည်။ ကျေးရွာ၏ ကျောင်းတက်နှုန်းသည်လည်း ကောင်းမွန်ပါသည်။ ရာနှုန်းပြည့်နီးပါးသည် မူလတန်းနှင့် အလယ်တန်းပညာတက်ရောက် ပညာသင်ကြားနေပါသည်။ အထက်တန်းနှင့်တက္ကသိုလ်ပညာ တတ်ရောက်မှုသည် အသင့်အတင့်ရှိပါသည်။

၇။ ကျန်းမာရေး

ကျေးရွာတွင် အသင့်အတင့်အဖြစ်များသော ရောဂါများမှာ ဝမ်းပျက်ဝမ်းလျော၊ ဆီးချို၊ တီဘီနှင့် ရာသီကူးပြောင်းချိန်တွင် ဖြစ်တတ်သော နှာစေးချောင်းဆိုးလောက်သာ ဖြစ်ပွားကြပါသည်။ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များ ကာကွယ်ဆေးပုံမှန်လာရောက် ထိုးနှံမှုရှိပါသည်။

ကျေးရွာတွင် ကျေလက်ဆေးပေးခန်းရှိပြီဂ (၁၄)မိုင်ခန့်ကွာဝေးသော ကားလမ်းဖြင့် သွားလာနိုင်သည့် မြို့နယ် ဆေးရုံ၊ ဆေးဆိုင်များသို့လည်း သွားလာနိုင်ပါသည်။ ကျေးရွာတွင် အဝီစိရေတွင်းများမှ မြေအောက်ရေကို အလွယ်တကူ လုံလောက်စွာရရှိနိုင်ပါသည်။ တစ်ရွာလုံးနီးပါး

ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူပါသည်။

၈။ ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာ၏ သဘာဝဘေးအန္တရာယ်ကျရောက်မှုအခြေအနေသည် အများအားဖြင့် မိုးဦးကာလ မိုးသက်လေပြင်းတိုက်ခတ်မှုများကြောင့် လူနေအိမ်၊ စိုက်ပျိုးခြံ၊ သီးပင်များ အနည်းငယ်ပျက်စီးဆုံးရှုံးမှုရှိပါသည်။ မိုးခေါင်ချိန်တွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် ထိခိုက်မှုရှိပြီး အလုပ်အကိုင်ရှားပါးခြင်း၊ လက်လုပ်လက်စားများအတွက် ဝင်ငွေနည်းပါးခြင်းများ ကြုံတွေ့ရပါသည်။ စွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျ စွန့်ပစ်ကြပါသည်။

၉။ ကျား–မ ရေးရာ

ကျေးရွာတွင်ကျား/မဆိုင်ရာဆက်နွယ်မှုအနေအထားမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပါသည်။ ကျေးရွာတွင်အမျိုသား/အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ အုပ်ချုပ်ရေးအသင်းအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေး အသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့်အတင့်ရှိကြသည်။

၁၀။ ကျေးရွာမှရွေးချယ်ထားသောဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဦးစားပေးစီမံချက်	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာတွင်းလမ်းကျင်းခင်းခြင်း	၁
၂	ရေပေးရေး	ကျေးရွာတွင်း ရေပိုက်သွယ်တန်းခြင်း	၂
၃	ပညာရေး	စာသင်ကျောင်းအုတ်တံတိုင်းဆောက်လုပ်ခြင်း	၃
၄	အခြေခံအဆောက်အဦ	ပရဟိတအဆောက်အဦဆောက်လုပ်ခြင်း	၄
၅	အခြေခံအဆောက်အဦ	ကျေးရွာအားကစားကွင်းဆောက်လုပ်ခြင်း	၅